# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် ၂၀၁၉ ခုနှစ်၊ မေ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၇)


# ရေနံအကြောင်း သိကောင်းစရာ


**ရေနံအငြိမ်းစားပညာရှင်တစ်ဦး**


**ရေနံနှင့်ပတ်သက်သော သတင်းအချက်အလက်များအား နေ့စဉ်ထုတ်သတင်းစာများ၌ရေးသားဖော်ပြကြသည်ကို မကြာခဏ ဖတ်ရှုရပါသည်။ ဤဆောင်းပါးသည် “ ရေနံအကြောင်း သိကောင်းစရာ ” တစ်ခုအဖြစ် စိတ်ဝင်စားသူများအတွက် ဗဟုသုတ မှတ်တမ်းအဖြစ်ရရှိစေရန်တင်ပြခြင်းဖြစ်ပါသည်။**



**ရေနံဆိုသည်မှာ မြေအောက်ခိုအောင်းနေသော ရတနာ**

ရေနံနှင့်သဘာဝဓာတ်ငွေ့သည် မြေပြင်၏ အောက်အနက်ပေများစွာတွင် ခိုအောင်းနေသောသယံဇာတဖြစ်ပါသည်။ ရေနံသိုက် သို့မဟုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနေသောမြေအောက်သဲကြော (Reservoir) များကိုလေ့လာရာတွင် မြေအောက်တွန်းကန်အား (Reservoir Pressure) နှင့်မြေအောက်အပူချိန် (Reservoir Temperature) တို့သည်လည်းအဓိကပါဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြေအောက်သဲကြောတွင် ခိုအောင်းနေသောရေနံသည် မူလ (Reservoir Condition)၌ Under High Pressure နှင့် High Temperature တို့ဖြင့် တည်ရှိနေပါသည်။ အဆိုပါ မြေအောက်တွန်းကန်အားသည် မြေအောက်သဲကြောအတွင်းခိုအောင်းနေသော ရေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တို့ကို ရွေ့လျားစေပြီး သဲကြောမှ တွင်းထဲသို့ စီးဝင်စေသည့် အင်အားကိုဖြစ်စေပါသည်။ တစ်နည်းအားဖြင့် ရေနံထုတ်ယူရရှိခြင်းဆိုသည်မှာ မြေအောက်သဲကြောတွင် ခိုအောင်းနေသော ရေနံကို သဲကြောမှတစ်ဆင့် ရေနံတွင်းထဲသို့လည်းကောင်း၊ ရေနံသံကန်ထဲသို့လည်းကောင်း စီးဝင်လက်ခံထုတ်လုပ်ရရှိခြင်းသည် အဓိကမြေအောက်တွန်းကန်အားကြောင့် ဖြစ်ပါသည်။

**မြေအောက်တွန်းကန်အားပေါ် မူတည်**

မြေအောက်တွန်းကန်အားသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သည်နှင့်အမျှ တစ်နည်းအားဖြင့် ရေနံထုတ်လုပ်သည့်အချိန် ကာလကြာသည်နှင့်အမျှ ကျဆင်းလေ့ရှိပါသည်။ ယင်းသည်သဘာဝတရားအရ ဖြစ်ရိုးဖြစ်စဉ်နိယာမဖြစ်ပါသည်။ ထို့ကြောင့် ရေနံတွင်းအလိုက် လည်းကောင်း၊ ရေနံသဲကြောအလိုက် လည်းကောင်း၊ ရေနံမြေအလိုက် လည်းကောင်း၊ ရေနံများများ ထုတ်လေလေ၊ မြေအောက်တွန်းကန်အားကျဆင်းသည်နှင့်အမျှ ရေနံအထွက်နှုန်းကျဆင်းလေ့ရှိပါသည်။ ယင်းကျဆင်းမှုကို သဘာဝကျဆင်းမှု (Natural Decline)ဟု ခေါ်ပါသည်။ ကမ္ဘာပေါ်တွင်ရှိသော မည်သည့်ရေနံမြေမဆို ရေနံထုတ်ယူသည်နှင့် အမျှ ထွက်နှုန်းကျဆင်းမှုသည် ဖြစ်မြဲဓမ္မတာပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်ရှိ ရေနံချောင်း၊ ချောက်၊ မန်းနှင့်ထောက်ကြာပင်စသည့် ရေနံမြေဟောင်းများ၏ နေ့စဉ်ရေနံထွက်နှုန်းကျဆင်းနေမှုသည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာဖြစ်ပါသည်။

မြန်မာပြည်၏ရေနံမြေဟောင်းများတွင် ထူးခြားမှုကိုယ်စီရှိကြပါသည်။ ရေနံချောင်းရေနံမြေသည် ကမ္ဘာတွင် ရှေးအကျဆုံး ရေနံမြေတစ်ခုအဖြစ်ထင်ရှားသည့်အပြင် ရေနံချောင်းနှင့် ချောက်ရေနံမြေများသည် ကမ္ဘာပေါ်တွင်စစ်ကြိုခေတ်၏ ရေနံထုတ်လုပ်သောနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကိုပါဝင်စေသည့် နိုင်ငံ့ဂုဏ်ဆောင်ရေနံမြေများ ဖြစ်ပါသည်။ မန်းနှင့် ထောက်ကြာပင်ရေနံမြေတို့သည်လည်း နိုင်ငံတော်၏ နေ့စဉ်ရေနံထုတ်လုပ်မှု စည်ပေါင်းသုံးသောင်းကျော်အထိ စံချိန်တင်ထုတ်လုပ်ရာတွင် အဓိကပါဝင်ခဲ့ကြပါသည်။ အဆိုပါ ရေနံမြေဟောင်းများအနက် မန်းရေနံမြေသည် နိုင်ငံတော်၏ လောင်စာဆီလိုအပ်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းပေးခဲ့ပါသည်။

**နှစ် ၅၀ ကြာ အလုပ်အကျွေးပြုနေသော မန်းရေနံမြေ**

မန်းရေနံမြေသည် ၁၉၇၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်အတွက် ရေနံထုတ်လုပ်ပေးခဲ့ရာ ယခုဆိုလျှင် ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၅၀ ရှိပါတော့မည်။ နှစ်ပေါင်းများစွာ နိုင်ငံတော်အတွက် အလုပ်အကျွေးပြုခဲ့သော အဓိကရေနံမြေကြီးတစ်ခုဖြစ်ခဲ့သည့်အလျောက် ယခုအချိန်တွင် နေ့စဉ်ရေနံထွက်နှုန်း စည်ပေါင်း ၁၁၀၀ ကျော်သာလျှင် ထွက်နေခြင်းသည် Natural Field Decline အရ ဓမ္မတာပင် ဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်ကို အထွက်နှုန်းကျဆင်းနေကြောင်း၊ တွင်းသစ်တူးစရာမရှိကြောင်း၊ ရေနံအထွက်တိုးလုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲကြောင်း စသည်ဖြင့် ပြောဆိုဝေဖန်နေလျှင်တော့ မန်းရေနံမြေသာ အသက်ရှိပြီး စကားပြောတတ်မည်ဆိုလျှင် ချုံးပွဲချထိုင်ငိုနေမှာသေချာပြီး “ငါ့ကိုတော့ မညှာမတာ၊ မတန်တဆ ရေနံထုတ်ခိုင်းတုန်းက ခိုင်းခဲ့ပြီး ငါသည်အိုမင်းမစွမ်းမှ အသက်ကြီး၍ အားအင်ကုန်ခန်းပြီး ဘာမှမတတ်နိုင်တော့မှ အပြစ်ပြောခဲ့ရသလား” ဆိုပြီးတော့ မည်တွန်တောက်တီး လိမ့်မည်ဟု ထင်ပါသည်။

အဘယ်အတွက်ကြောင့်ဆိုပါလျှင် တစ်ချိန်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်းဝင်ဘဝသို့ ရွေ့လျားသက်ဆင်းနေစဉ်ကာလက မိမိနိုင်ငံ၏ စက်သုံးဆီ လိုအပ်ချက်ကိုပင် နိုင်ငံခြားငွေဖြင့် ဝယ်ယူတင်သွင်းဖြည့်စွက်နိုင် ခြင်းမရှိခဲ့သော ဘဝတွင် ပြည်တွင်းရေနံစိမ်းထုတ်လုပ်မှုနှင့် (နိုင်ငံခြားမှ ဝယ်ယူတင်သွင်းခြင်းမရှိဘဲ) နှစ်ပေါင်း ၁၀ နှစ်ကျော် ပြည်တွင်း၌ လုံလောက်စွာ ဖြန့်ဝေသုံးစွဲနိုင်ခဲ့မှုနှင့် ပတ်သက်၍ မန်းရေနံမြေသည် နိုင်ငံတော်အတွက် အဓိကအမာခံပံ့ပိုးခဲ့ရသော ကျေးဇူးရှင်ရေနံမြေကြီးဖြစ်ခဲ့လို့ပင်။ မှန်ပါသည်။ တစ်ချိန်က နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ပြည့်မီအောင် ရေနံထုတ်လုပ်ပေးခဲ့သော အဓိကရေနံမြေဖြစ်ပါသည်။ နိုင်ငံတော်အတွက် စက်သုံးဆီလက်ကျန်နည်းပါးသည့်အခါတိုင်း အထက်မှညွှန်ကြားချက်အရ ရေနံအထွက်တိုးရေးလုပ်ငန်းများ (Production Boost-up Operations) ဆောင်ရွက်ရန် မန်းရေနံမြေသို့ အကြိမ်ပေါင်းများစွာ သွားရောက်ဆောင်ရွက်ခဲ့ရပါသည်။ ထို့ကြောင့် မန်းရေနံမြေသည် အကျယ်အဝန်း၊ အရွယ်အစားနှင့်မမျှ၊ ရေနံမြေသက်တမ်းနှင့်မမျှ၊ ရေနံထုတ်လုပ်မှုဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရရှာသော ရေနံမြေတစ်ခုလည်း ဖြစ်ပါကြောင်း လက်ရှိရေနံမြေ၏ အနေအထားများက သက်သေပြနေပါသည်။

နိုင်ငံတော်အတွက် လိုအပ်ချက်အရ မန်းရေနံမြေတွင် လိုအပ်သည်ထက်ပိုမိုဖိအားပေးဆောင်ရွက်ခဲ့ရသော ရေနံမြေဖွံ့ဖြိုးရေးလုပ်ငန်း (Oil Field Development Operations) နှင့် ပတ်သက်၍ သိပ္ပံနည်းစနစ်မကျကြောင်း၊ နိုင်ငံခြားသားပညာရှင်တစ်ဦး၏ ပြောဆိုဝေဖန်မှုကို ခံခဲ့ရဖူးပါသည်။ သို့ရာတွင် မြန်မာကျွမ်းကျင်ပညာရှင်များအနေဖြင့် ကြည့်လျှင် မိမိတို့သည် နိုင်ငံတော်၏ လိုအပ်ချက်အရ လုံလောက်သော ရေနံထုတ်လုပ်မှု ကိန်းဂဏန်းရရှိအောင် မဖြစ်မနေ စီမံဆောင်ရွက်ပေးခဲ့ရခြင်းဖြစ်သောကြောင့် မိမိတို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့ကျေနပ်မိပါကြောင်း မှန်တမ်းတင်ဖော်ပြအပ်ပါသည်။

**ပထမဆုံး စံပြရေနံမြေတစ်ခု**

ယခုတော့ ရေနံထုတ်လုပ်မှုဒဏ်ကို အလူးအလဲခံခဲ့ရရှာသော မန်းရေနံမြေသည် ပင်ပန်းရကျိုးနပ်ခဲ့ပါပြီ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မန်းရေနံမြေစီမံကိန်း ရေနံပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Redevelopment and Enhanced Oil Recovery -EOR Programme)အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC) ကို ၂၀၁၉ ခုနှစ် မတ်လအတွင်း ထုတ်ပေးခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံမှာ ပထမဦးဆုံး လက်ခံရရှိသည့် စံပြရေနံမြေတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပါပြီ။ အလားတူ သက်သေခံလက်မှတ်ပါ အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက် သွားရတော့မည်လည်း ဖြစ်ပါသည်။ ထို့ကြောင့် မန်းရေနံမြေကို ယခုလို ဂုဏ်ယူဝံ့ကြွားစွာ နှုတ်ဆက်လိုက်ပါသည်။

“အိုအသင်မန်းရေနံမြေ၊ အသင်သည် အိုပင်အိုငြားသော်လည်း ရေနံထုတ်လုပ်မှုတွေ ဘယ်လိုပင် ကျဆင်းသွားသွား ယခုအချိန်တွင် နိုင်ငံတကာအဆင့်မီ ECC လက်မှတ်ရ ထိပ်တန်း စံပြရေနံမြေအဖြစ် ရပ်တည်လျက်ရှိသော သင့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း”။ ။

**“မြေအောက်တွန်းကန်အားသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သည်နှင့်အမျှ တစ်နည်းအားဖြင့် ရေနံထုတ်လုပ်သည့်အချိန် ကာလကြာသည်နှင့်အမျှ ကျဆင်းလေ့ရှိပါသည်။ ယင်းသည်သဘာဝတရားအရ ဖြစ်ရိုးဖြစ်စဉ်နိယာမဖြစ်ပါသည်။ ထို့ကြောင့် ရေနံတွင်းအလိုက် လည်းကောင်း၊ ရေနံသဲကြောအလိုက် လည်းကောင်း၊ ရေနံမြေအလိုက် လည်းကောင်း၊ ရေနံများများ ထုတ်လေလေ၊ မြေအောက်တွန်းကန်အားကျဆင်းသည်နှင့်အမျှ ရေနံအထွက်နှုန်းကျဆင်းလေ့ရှိပါသည်။ ယင်းကျဆင်းမှုကို သဘာဝကျဆင်းမှု (Natural Decline) ဟု ခေါ်ပါသည်”**